**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၅ /၂၀၁၈**

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ( ၁၄ ) ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

**တိရစ္ဆာန်များ စီးပွားဖြစ် မွေးမြူထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက် သတ်မှတ်ထုတ်ပြန်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀ (ခ) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ အပိုဒ် ၁ (ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည့် တိရစ္ဆာန်များ စီးပွားဖြစ်မွေးမြူ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆိုသည်မှာ မတည်ငွေရင်း အမေရိကန်ဒေါ်လာ (၅) သန်း သို့မဟုတ် မြန်မာကျပ်ငွေ သန်း ( ၆၀၀၀) အထက်ရှိသော တိရစ္ဆာန်များစီးပွားဖြစ် မွေးမြူထုတ်လုပ်ရောင်းချသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုသာ ဆိုလိုသည် ဟု သတ်မှတ် ထုတ်ပြန်လိုက်သည်။

(ကျော်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ မရက-၆/၁ /၂၀၁၈ ( ၀၂၆၂ )

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း } ကြော်ငြာပေးပါရန်

အမိန့်အရ

(အောင်နိုင်ဦး)
အတွင်းရေးမှူး